ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့ (29-7-2010)(၆၇၇)

ဇူလိုင် ၂၂ ရက်က ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းနံဘေး မိုးစပါးစိုက်ကွင်းအတွင်း လုပ်ငန်းခွင် ဝင်နေကြသည့် ဒေသခံတောင်သူများ စတင်ခုတ်မောင်းပြေးဆွဲလာသည့် ရထားကို ငေးမျှော်ကြည့်ရှုရင်း ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ကြသည်။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့

ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇူလိုင် ၂၇ ရက်တွင် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက လည်းကောင်း၊ ယနေ့တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၃၉)ပါတီရှိရာတွင် ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၁၀)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းရော၏ ခမ်းနားထည်ဝါသော နေ့ရက်များ

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာဟု တင်စားထိုက်သည့် ဧရာဝတီမြစ်၏ မြစ်လက်တက်များကို ဝေဟင်မှကြည့်သော် ပို၍ပီပြင်စွာ တွေ့မြင်ရ၏။ မြစ်ဝကျွန်းပေါ်တိုင်းဌာနီ ဧရာဝတီ၏ မြစ်လက်တက်ရေအလျဉ်တွင် ရေကြောင်းသွားလာရွက်နာဝါတို့က စုန်ချည်ဆန်ချည် သွားလာနေကြ၏။ မိမိ၏ စိတ်ရေအလျဉ်၌လည်း အတိတ်ဧရာဝတီနှင့် ပစ္စုပ္ပန်ဧရာဝတီ၏ ပုံရိပ်တို့သည် စီရရီစီးဆင်းလျက်ရှိပေသည်။

အတိတ်ဧရာဝတီ

ခေတ်ကာလက ကေအန်ဒီအိုနှင့် ဗကပတို့ကြီးစိုး၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ထင်တိုင်းမင်းမူ၊ နှိပ်စက်ကလူပြုမှုဆဲကာလ။ ဧရာဝတီ၏ မှောင်မိုက်ဆုံးနေ့ရက်များ။ အချိန်က ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ။ နေရာကား ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ လမ်းသမိုင်ကျေးရွာ။

လမ်းသမိုင်ရွာသားများသည် အစုလိုက်၊ အစုလိုက်ဖြင့် လူးလာခတ်နေကြသည်။ လက်ထဲတွင် မြက်ခုတ်ဓားများ၊ ကိုင်းခုတ်ဓားများ၊ ဝါးချွန်များ၊ လှံများ၊ ဒူးလေးများ အသင့်ကိုင်ဆောင်လျက်။ မောင်းပြန်သေနတ်များ အများစုပါဝင်သည့် လက်နက်မျိုးစုံကိုင်ဆောင်ထားသော သောင်းကျန်းသူအင်အား ၅၀ ကျော်သည် သေနတ်သံများပေး၍ ရွာအနီးသို့ ချဉ်းကပ်လာကြသည်။

ထိုစဉ် "ချပေ့၊ လိုက်ပေ့" တိုက်ပွဲခေါ်သံ၊ ကြွေးကြော်သံများသည် အရပ်လေးမျက်နှာမှ ဟိန်း၍ဟိန်း၍ ထွက်ပေါ်လာခဲ့ချေပြီ။ သောင်းကျန်းသူများမှုကား ရှေ့မတိုးဝံ့၊ နောက်လည်းမဆုတ်ဝံ့ဖြင့် ပျာယာခတ်နေကြ၏။ နောက်ဆုံးတွင် ဖရိုဖရဲ တကွဲတပြားဖြင့် ထွက်ပြေးသွားကြလေသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဆင်အပြင် ကိုမင်း

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ - သာဉာဏ်(သတင်းစဉ်)နှင့် ဝင်းမောင်မောင်

ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

အတည်ပြုချိန် - ၁၂း၄၅

ကြေးမုံ The Mirror
၂၉-၇-၂၀၁၀
(ကြာသပတေးနေ့)

ကြွက်ကာကွယ်နှိမ်နင်း ပတ်ဝန်းကျင်သန့်ရှင်း ရောဂါကင်း

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖြည့်ဆည်းပေးနေသည်။ ပြည်သူများအပိုင်းကလည်း စနစ်တကျ နေထိုင်စားသောက်သွားလာကြရမည်ဖြစ်သည်။

ကျန်းမာရေးလုပ်ငန်းများသည် လူတိုင်းနှင့် သက်ဆိုင်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာ သန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရပေမည်။ အထူးသဖြင့် ကျန်းမာရေးသတိပေး နှိုးဆော်ချက်များကို ဂရုပြုလိုက်နာကြရမည်ဖြစ်သည်။

ယခုနှစ်ပိုင်းအတွင်း ရာသီဥတုပြောင်းလဲမှုများသည့်အတွက် ကြွက်များအုပ်လိုက်ပြောင်းရွှေ့နေသည်ကို ကြားသိရသည်။ တောင်ပေါ်ရိုးမအတွင်း မှီခိုနေထိုင်သော ကြွက်အုပ်များသည် မကြာသေးမီကစ၍ စပါးပျိုးခင်းများ၊ စိုက်ခင်းများရှိရာ မြေပြန့်သို့ ပြောင်းရွှေ့လျက်ရှိသည်။ မြေပဲ၊ နှမ်း၊ ပဲတီစိမ်းများ စိုက်ပျိုးချိန်ဖြစ်ရာ ကြွက်အုပ်သွားရာ လမ်းတစ်လျှောက်ရှိ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ၊ အသီးအနှံများကို စားသောက်ဖျက်ဆီးနိုင်သဖြင့် ကြွက်ကာကွယ်နှိမ်နင်းခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

ကြွက်များကြောင့် စိုက်ခင်းများပျက်စီးစေရုံသာမက ပလိပ်ရောဂါ၊ အူရောင်ငန်းဖျားနှင့် အသည်းရောင် အသားဝါ ရောဂါများလည်း ဖြစ်စေနိုင်သည်။ လူနေအိမ်ရာ အဆောက်အအုံများအတွင်း ကြွက်အများအပြားရောက်ရှိလာပါက ကြွက်သန်းကိုက်ခံရခြင်းကြောင့် ပလိပ်ရောဂါဖြစ်ပွားနိုင်သည်။ ကြွက်သန်းကိုက်ခံရရာမှ ပေါင်ခြံရှိအကျိတ်သို့ ရောက်သွားကာ ပိုးအချို့ သွေးထဲရောက်သွားပြီး ရုတ်တရက်အပြင်းဖျားခြင်းဖြစ်သည်။

အပြင်းဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကယောင်ကတန်းပြောခြင်း၊ ချောင်းဆိုးလျှင် သွေးသလိပ်ပါခြင်းတို့ဖြစ်လာပါက အသက်အန္တရာယ်ရှိနိုင်သည်။ ရောဂါပိုးဝင်ရောက်ပြီး ရှစ်ရက်အတွင်း ဖြစ်ပွားတတ်သဖြင့် ဆေးမြီးတိုများဖြင့်မကုသင့်ဘဲ ဆေးရုံ ဆေးပေးခန်းများသို့ သွားရောက်ပြသ ကုသမှုခံယူကြရပေမည်။

ကြွက်များသည် စိုက်ခင်း၊ သီးနှံများကို ဖျက်ဆီးနိုင်သည်သာမက လူအများအတွက်ရောဂါဘယများပါ ဖြစ်ပွားစေနိုင်သည်။ နေအိမ်ဝန်းကျင်၊ စိုက်ခင်းများနှင့် ကြွက်ခိုအောင်းရာနေရာများကိုရှင်းလင်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ထောင်ချောက်အမျိုးမျိုး၊ ကြွက်သတ်ဆေးစသည်တို့ အသုံးပြု နှိမ်နင်းခြင်း၊ စားကြွင်းစားကျန်များ မရှိစေရန် ပတ်ဝန်းကျင်သန့်ရှင်းခြင်းများ ပြုလုပ်ပြီး ကြွက်များ ကာကွယ်နှိမ်နင်းခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်း ရောဂါဘယ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၇)ကို ဇူလိုင် ၃၀ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၏ The Dudeson In America အစီအစဉ်သစ်နှင့် မကြာမီထွက်ရှိတော့မည့် အမေရိကန်စုံထောက် အက်ရှင်ဇာတ်ကား Salt အား ပြသပေးမည့် MTV At The Movies အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် Forever Strong, City of Ember, Lava Storm, Three Men And A Baby, Children of The Corn စသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင် အန္တရာယ်ပေးနိုင်သည့် သားကောင်များအား အနီးကပ်ရိုက်ကူး တင်ဆက်ထားသည့် Dangerous Encounters အစီအစဉ်၊ ဩဂုတ် ၁ ရက်တွင် ငှက်ပိတုန်းများ၏ အလျင်မြန်ဆုံးပျံသန်းနိုင်မှုကို ကြည့်ရှုရမည့် Hummingbirds: Magic In The Air အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ခရီးသွားလာခြင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစားအသောက်များအား တင်ဆက်ပြသနေသည့် Lonely Planet Six Degreeအစီအစဉ်၊ အီတလီနိုင်ငံ၏ရိုးရာယဉ်ကျေးမှုများအား ကြည့်ရှုရမည့် Suggs' Italian Job အစီအစဉ်၊ မြန်မာစကားပြော/မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် တုန်လှုပ်ချောက်ချားဖွယ် ပြစ်မှုများအား စုံစမ်းဖော်ထုတ်မှုများကို ကြည့်ရှုရမည့် Crimes That Shook The World အစီအစဉ်အကြောင်း၊ မွတ်စလင်ဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာဗလီများ၏ ဗိသုကာလက်ရာများအကြောင်း ကြည့်ရှုရမည့် 7 Wonders of The Muslim World အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Chelsea Vs West Bromwich, Tottenham Vs Man City, Liverpool Vs Arsenal, Aston Villa Vs Westham, Bolton Vs Fulham, US Senior Open Championship 2010၊ မြန်မာစာတန်းထိုး/မြန်မာစကားပြောများဖြင့် ကြည့်ရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ 5Movies, 5 Series, 5 Series II, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM တွင် နားဆင်ရမည့် ရဲတိုက်နှင့် သျှီတို့၏ 'ရောက်တတ်ရာရာ'အစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင် ဩဂုတ် ၁ ရက်မှ ၁၀ရက်အထိ ညစဉ် ၇ နာရီအချိန်တွင် ထုတ်လွှင့်ပေးမည့် 'မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေဂီတဖျော်ဖြေပွဲ ' အကြောင်းနှင့် The Champion of Dance အစီအစဉ်သစ်အကြောင်းများအပါအဝင် ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြားအစီအစဉ်၏ ၁၅ ရက်စာ အစီအစဉ်အချိန်ဇယားများ ပါဝင်သည်။

၁၅ ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door to Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမ်း၊ မြေပုံ၊ မင်းပြားမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၂၃ ရက်တွင် အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့အတွင်း ရန်ကုန်-စစ်တွေကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာ တုတ်ချောင်းတံတားနှင့် ရက်ချောင်းကျေးရွာရှိ ရက်ချောင်းတံတားတို့ ပြုပြင်မွမ်းမံတည်ဆောက်နေမှုများနှင့် ကားလမ်းရေတိုက်စားမှုကာကွယ်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းပြားမြို့နယ် တပ်နယ်ခန်းမသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကမ်းနီ အခြေခံပညာ အထက်တန်းကျောင်း စာသင်ကျောင်းဆောင်အသစ် တည်ဆောက်နေမှုအခြေအနေများနှင့် ပညာသင်ကြားနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ထို့နောက် မင်းပြားမြို့နယ် စမ်ဘလေကျေးရွာ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ တာဝန်ရှိသူတို့က လယ်ယာသုံးစက်ကိရိယာများကို လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် စိုက်ပျိုးရေးစခန်းရှင်းလင်းဆောင်၌ ဒေသခံကျေးရွာတောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာသုံးစက်ကိရိယာများကို လွှဲပြောင်းပေးအပ်ပြီး မင်းပြားမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားမှုအခြေအနေများနှင့် မင်းပြား-မြောက်ဦးကားလမ်း ဝဲ၊ ယာတစ်လျှောက် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး စစ်ကိုင်းတိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမြအောင်၊ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ ယူနီဆက်မှတာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များ၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာများ၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးက စစ်ကိုင်းတိုင်းအတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ယူနီဆက်မှ တာဝန်ရှိသူများက ယူနီဆက်အခန်းကဏ္ဍ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ စစ်ကိုင်းတိုင်းအတွင်း ယူနီဆက်နှင့် နိုင်ငံတော် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်တာဝန်ပေးအပ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(တိုင်းပြန်/ဆက်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Merck Ltd. မှ Department Manager,Ms.Piyada Soontornchalya နှင့် Sale & Marketing Manager,Ms, Angkana Kreeratiratanalak တို့သည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် စီးပွားရေးအခွင့်အလမ်းများဆိုင်ရာ ကိစ္စ၊ ပုံနှိပ်နှင့် ပလတ်စတစ်လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲများနှင့် သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂဝံကျောက်ခင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် သရက်ကုန်း-ပေါက်တောကျေးလက်လမ်း ဂဝံကျောက်ခင်းခြင်းလုပ်ငန်း၏ ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၁၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်ခရိုင်နှင့် မကွေးတိုင်းအတွင်း သစ်တောစိုက်ခင်း၊ သစ်စက်နှင့် လက်ဖက်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်(၉)ရှိ ၂၀၀၇ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀ နှင့် နေပြည်တော်တပ်ကုန်းမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ်(၇၆)ရှိ ၂၀၀၈ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း အကွက် ၃၀ ရှိ ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀ သို့ ရောက်ရှိလာရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက စိုက်ခင်းများ ထိန်းသိမ်းထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် အမှတ်(၉၅)သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံမှူးနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့၏ စက်ရုံလုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြား၍ စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်ဖက်စိုက်ခင်း

ယင်းနောက် ဝန်ကြီးသည် မကွေးမြို့နယ် တည်ပင်ကန်ကျေးရွာရှိ ကျေးလက်အိမ်ရာထူထောင်ရေးစီမံချက် ၂၀၁၀ ခုနှစ် တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ငဖဲမြို့နယ် နတ်ရေကန်တောင်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော လက်ဖက်စိုက်ခင်းစီမံကိန်း ဧက ၁၀၀၀ သို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာဝန်ခံက လက်ဖက်စိုက်ခင်း ဒုတိယနှစ် ဧက ၅၀၀ စိုက်ပျိုးပြီးစီးမှု၊ ပဒါန်းမြို့တွင် လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရန် စီစဉ်ထားရှိမှုနှင့် ဧက ၂၀၀၀ ပြည့်အောင် နှစ်စဉ် ဧက ၅၀၀ တိုးချဲ့ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ရှင်သန်အောင်မြင်နေသော လက်ဖက်စိုက်ခင်းနှင့် လက်ဖက်ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်စိုက်ခင်း

ထို့နောက် ငဖဲမြို့နယ် နတ်ရေကန်တောင်ရှိ သစ်တောဦးစီးဌာန လက်ဖက်စမ်းသပ်စိုက်ခင်းတစ်ဧကနှင့် လမ်းဘေးဝဲယာ ကျွန်းအပင် ၃၀၀၀ တစ်အုပ်တစ်မစိုက်ခင်းသို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်နှင့် တာဝန်ရှိသူတို့က စမ်းသပ်စိုက်ခင်း အောင်မြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငဖဲမြို့နယ် အမှတ်(၂၅) သစ်စက်(ပဒါန်း)သို့ ရောက်ရှိလာရာ စက်ရုံမှူးနှင့် မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးတို့၏ စက်ရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်အပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ငဖဲမြို့နယ် မင်းဘူးသစ်ထုတ်ရေးဒေသ ပဒါန်းသစ်ဆိပ်သို့ ရောက်ရှိရာ ဒေသမန်နေဂျာက သစ်ဆိပ်တွင် သစ်လုံးများ ရောက်ရှိနေမှုနှင့် လာမည့်သစ်ထုတ်ရာသီအတွက် သစ်ခုတ်လှဲရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ငဖဲမြို့နယ် နတ်ရေကန်တောင်ရှိ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ - ပိဋကတ်ဉာဏ်ကွန့်မြူး ထူးချွန်သည့်ဆရာတော်
- ၇း၂၅။ ၄။ ဓမ္မပူဇာတေး
- ၇း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၃၄)
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၃၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၆၅)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေး အောင်လံ-သရက် ရောဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းအတွက် စက်ပစ္စည်းများ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ညောင်ဦးမြို့ အထက အာစရိယပူဇော်ပွဲ ပြစ်မြောက်ရေး စည်းဝေး

ရန်ကုန် ဇူလိုင် ၂၈

မန္တလေးတိုင်း ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား(သက်ပြည့်)ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ဇူလိုင် ၄ ရက်က ကော်မတီ တစ်ရပ်ဖွဲ့စည်းခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက် ဦးဗဒုမ ကျောင်းဝင်းအတွင်းရှိ ဆယ်ဆင်မေ ဓမ္မာရုံ၌ ကျင်းပရာ ဒီဇင်ဘာ ၁၂ ရက်တွင် အာစရိယပူဇော်ပွဲ ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကန်တော့ခံစာရင်း ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲ ကော်မတီသို့ လှူဒါန်းလိုသူများသည် ဘဏ္ဍာရေးမှူး ကိုသောင်းမင်းညွှန့် ဖုန်း-၀၉-၂၀၉၉၁၀၂၊ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ တာဝန်ခံ ကိုအောင်လှိုင်ဝင်း ဖုန်း-၀၉-၂၀၄၃၂၈၃၊ တွဲဖက်အတွင်းရေးမှူး ကိုဇင်ထွဏ်း ဖုန်း- ၀၉-၂၀၄၂၆၇၅နှင့် ပြန်ကြားရေးတာဝန်ခံ ကိုအောင်မျိုးခိုင် ဖုန်း-၀၉-၂၀၄၃၃၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၆၁)

အဖျောက်-အင်းရွာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မှု ဒုတိယဝန်ကြီး ဦးသန်းငွေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေးသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ကုန်းတွင်း/ကမ်းလွန် သဘာဝဓာတ်ငွေ့များ ဖြန့်ခွဲသုံးစွဲနိုင်ရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အဖျောက်-အင်းရွာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၅၉)အနီး အဖျောက်-ဥတို-ဥက္ကံအပိုင်း ပိုက်လိုင်းဆက်သွယ်နေမှုများကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ် အိုးသည်ကုန်းကျေးရွာအနီး ဥက္ကံ-ကြို့ပင်ကောက်အပိုင်း ပိုက်လိုင်းဟောင်းပြုပြင်ခြင်းနှင့် ဖိအား စမ်းသပ်နေမှုများကိုလည်းကောင်း၊ ပြည်ရေနံမြေ၌ ဇီးကုန်း-ပြည်အပိုင်း ပိုက်လိုင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်နေမှု၊ အိတ်သွတ်ထုပ်ပိုးနေမှုများကို ရှင်းလင်းပြသကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ပျဉ်းပင်လှကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အောင်လံ-သရက် ရောဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းအတွက် စက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းနေမှုနှင့် တူးဖော်မည့်နေရာ ပြင်ဆင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၂၄ ရက်က အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် ပညာရေးလှူဒါန်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ အဖွင့်အမှာစကားပြောကြားစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ တာလီဘန်များကို ကူညီနေဟုဆို

ကဘူး ဇူလိုင် ၂၈

ယခုနှစ် နွေရာသီအတွင်း အာဖဂန်စစ်မြေပြင်၌ နေတိုးတပ်ဖွဲ့ဝင်များ၏ အသေအပျောက်နှုန်း ပိုမိုမြင့်တက်လာနိုင်ကြောင်း အမေရိကန်စစ်ဘက် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး တစ်ချိန်တည်းမှာပင် ပါကစ္စတန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အကူအညီများကိုလက်ခံနေသော်လည်း အာဖဂန်စစ်သွေးကြွများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဇူလိုင် ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

ဝီကီလိခ် အင်တာနက်သတင်းဝန်ဆောင်မှုကွန်ရက်မှထွက်ပေါ်လာသော အမေရိကန်စစ်ဘက်၏ အာဖဂန်စစ်ပွဲဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များကို ကိုးကား၍ ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့သည် အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်မည့် စစ်သွေးကြွကွန်ရက်များဖွဲ့စည်းရန် လျှို့ဝှက်အစည်းအဝေးများသို့ သွားရောက်၍ တာလီဘန်များနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။

ပတ်သက်မှုရှိ

ထို့အပြင် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့သည် အာဖဂန်နစ္စတန်ခေါင်းဆောင်ကိုလုပ်ကြံမည့် အစီအမံများတွင် ပါဝင်ပတ်သက်မှုများ ရှိခဲ့သည်ဆိုသည်။

ကိုးနှစ်တာကြာမြင့်ပြီဖြစ်သော အာဖဂန်စစ်မြေပြင်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုအရှိန်မြင့်တက်လာခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို ထပ်မံစေလွှတ်၍ စစ်သွေးကြွနှိမ်နင်းရေးအစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇူလိုင် ၂၆ ရက်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်ခြင်းခံခဲ့ရသော ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗီးယား ရုပ်သံဌာနကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အသေခံကားဗုံးခွဲမှုများကြောင့် အီရတ်နိုင်ငံသား ၂၀ကျော် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံ ရှီးယိုက်အများစုနေထိုင်ရာ ကာဘလာမြို့အနီးတွင် အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုနှစ်ရပ် တနင်္လာနေ့က ဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံး၍ ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုများသည် ကာဘလာမြို့သို့ လာရောက်လျက်ရှိသော ရှီးယိုက်ဘုရားဖူးများကို ပစ်မှတ်ထားဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ပြည်တွင်းရေးအခြေအနေကို ပုံမှန်အနေအထားသို့ ရောက်ရှိအောင် အစိုးရက ကြိုးပမ်းနေသော်လည်း လုံခြုံရေးအခြေအနေ လျော့ရဲမှုကြောင့်အကြမ်းဖက်မှုများ ဖြစ်ပွားနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နေတိုးတပ်ဖွဲ့က အရပ်သားများကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟဲလ်မန့်ပြည်နယ်မှ ဒေသခံများ စွပ်စွဲပြစ်တင်

ကဘူး ဇူလိုင် ၂၈

နေတိုးတပ်ဖွဲ့က ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့်ဟဲလ်မန့်ပြည်နယ်တွင် အရပ်သား ၅၂ ဦးသေဆုံးခဲ့ကြောင်း ဇူလိုင် ၂၃ ရက်တွင် အာဖဂန်နစ္စတန်အစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း နေတိုးတပ်ဖွဲ့က ငြင်းဆိုခဲ့သော်လည်း တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အသက်မသေကျန်ရစ်သူများက နေတိုးတပ်ဖွဲ့သည် အဆိုပါ တိုက်ခိုက်မှုကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ပြစ်တင်စွပ်စွဲခဲ့ကြကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်သည် ဟဲလ်မန့်ပြည်နယ် ဆန်ဂျင်းခရိုင်ရှိ ရီဂျေးဒေသ၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြသည်။

ရီဂျေးဒေသအနီး ထိုစဉ်ကဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုကို တိမ်းရှောင်သည့်အနေဖြင့် အရပ်သားများ ပုန်းအောင်းနေကြသော ရွှံ့တဲအိမ်ကို နေတိုးတပ်ဖွဲ့များက ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ရီဂျေးဒေသခံအတော်များများက ယုံကြည်ကြကြောင်း သိရသည်။

နေတိုးတပ်ဖွဲ့များသည် ပုန်းအောင်းနေသော အရပ်သားများကို မြင်တွေ့နိုင်သော်လည်း ဒုံးကျည်ဖြင့်ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရီဂျေးဒေသသို့ တိမ်းရှောင်လာသူ တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ် ဆန်ဂျင်းခရိုင်တွင် ဇူလိုင် ၂၃ရက်ကဖြစ်ပွားခဲ့သည်ဆိုသော နေတိုးတပ်ဖွဲ့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင် မသေမပျောက်ကျန်ရစ်ခဲ့သူ အရပ်သားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိရုပ်သံဌာနကို အသေခံဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗီးယားရုပ်သံဌာန၏ ဝင်ပေါက်ရှေ့တွင် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသော ကားတစ်စီးကိုအသုံးပြုကာ တနင်္လာနေ့က အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အီရတ်လွှတ်တော်အမတ်တစ်ဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့ပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အယ်လ်အာရေဗီးယားရုပ်သံဌာနသည် အီရတ်တွင် လူကြိုက်များသော ရုပ်သံဌာနတစ်ခုဖြစ်ပြီး ဘဂ္ဂဒက်မြို့ အယ်လ်ဟာသီယာခရိုင်တွင် တည်ရှိသည်။ အသေခံဗုံးခွဲသမားသည် စစ်ဆေးရေးစခန်းနှစ်ခုကို ဖြတ်ကျော်ကာ ရုပ်သံဌာနရှိရာဆီသို့ ရောက်ရှိရန် ကြိုးပမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲမှုသည် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်ချက်မကင်းကြောင်း ရဲတပ်ဖွဲ့က ထင်ကြေးပေးခဲ့ပြီး စစ်ဆေးရေးစခန်းနှစ်ခုကို အသေခံဗုံးခွဲသမားက မည်သို့မည်ပုံကျော်ဖြတ်ခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ပြင်းထန်သော ပေါက်ကွဲမှုကြောင့် ရုပ်သံဌာနပျက်စီးခဲ့ရပြီး နှစ်မီတာမှ သုံးမီတာအထိကျယ်သော ချိုင့်ကြီးဖြစ်ခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ခရီးသည်တင်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်

ကဘူး ဇူလိုင် ၂၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ခရီးသည်အပြည့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးတွင် လိုက်ပါလာသူ ခရီးသည် အနည်းဆုံး ၂၅ ဦးသေဆုံး၍ ၂၀ခန့် ဒဏ်ရာရရှိသွားကြောင်း သတင်းတွင်ဖော်ပြသည်။

တက်နင်းမိခြင်းဖြစ်

ဗုဒ္ဓဟူးနေ့ နံနက် စောစောပိုင်းက အဆိုပါခရီးသည်တင်ယာဉ်သည် နင်းရောဇ်ပြည်နယ် ဒီလာရက်ခရိုင် အဝေးပြေးလမ်းပေါ်တွင်မောင်းနှင်လာစဉ် လမ်းဘေးထောင်ဗုံးကို တက်နင်းမိခြင်းဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

အဆိုပါဗုံးဖောက်ခွဲမှုသည် မဟာမိတ်တပ်ဖွဲ့ဝင်များ ယင်းဒေသသို့ ထိုနေ့နံနက်ပိုင်းတွင် ကင်းလှည့်မည်ဟုထင်မှတ်ထားသောကြောင့် စစ်သွေးကြွများက လမ်းဘေးဗုံးထောင်ထားခြင်းဖြစ်ကြောင်း နေတိုးတပ်ဖွဲ့ကပြောကြားသည်။

သို့ရာတွင် ယင်းဗုံးခွဲတိုက်ခိုက်မှုကို မည်သည့်အုပ်စုက လုပ်ဆောင်ခဲ့ကြောင်း မသိရသေးပေ။

တာလီဘန်များက လမ်းဘေးဗုံးများအသုံးပြု၍ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် အရပ်သားများလည်း မကြာမကြာ သေဆုံးခဲ့ကြရကြောင်း သတင်းတွင်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၅၂၆ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၀၆၅၁ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၅၂၆ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၀၆၅၁ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇူလိုင် ၂၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇူလိုင် ၂၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၂၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၆၁၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၀၂၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၆၁၄ ဦး

အင်တာနက်။

(29-7)04.pmd 1 7/29/2010, 12:28 AM

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် အောက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၈

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုအမျိုးအစားအလိုက် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ပထမဆုရရှိသော ပုသိမ်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ပထမဆုရရှိသော ပုသိမ်တက္ကသိုလ် ပိုက်ကျော်ခြင်းအသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး စာသင်ဆောင်များ၌ ပညာသင်ကြားနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူးကုဆေးရုံ (မင်္ဂလာဒုံ)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဆေးရုံအုပ်နှင့် တာဝန်ရှိသူတို့က ဆေးဝါးကုသပေးနေမှု အခြေအနေနှင့် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ဆောက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၃) လမ်းမကြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
	၂။	ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း၏ အစိတ်အပိုင်းတစ်ခု ဆိပ်ဖြူ ယောချောင်းက သက်သေပြု
၈း၃၀	၉။	အကပဒေသာ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	၃။	နားဝင်ပီယံသူ့လက်သံ
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၀	၅။	"စပါးကရွှေ ငါးကငွေ"
၄း၅၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၈။	ဂီတသံစဉ်အလှဆင်
၅း၃၅	၉။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၅၀	၁၀။	တေးဂီတအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ"(အပိုင်း-၁၆) (ငြိမ်းချမ်း၊ သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၂၀)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	အောင်မြင်ပါစေမြန်မာပြည် (တေးဆို-အယ်လ်လွန်းဝါနှင့်အဖွဲ့၊ တေးရေး-ကိုင်ဇာ၊ သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း)(အပိုင်း-၇)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၆၄)**
	၂၂။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၃ ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့စာအုပ်စာပေလေ့လာစို့

❀ ကျောဖုံးမှ

အန္တာတိကဒေသ၌ သုည ဒီဂရီဖာရင်ဟိုက်အောက် အပူချိန်တွင် အဆိပ်ရည် ထုတ်လုပ်နိုင်စွမ်းရှိသော ရေဘဝဲတို့၏ ထူးခြားသောသဘာဝကို မိမိတို့ လေ့လာခဲ့ကြကြောင်း၊ ရေဘဝဲ၏ အဆိပ်ရည်ကို ဇီဝဓာတုဗေဒ ရှုထောင့်က လေ့လာမည်ဖြစ်ကြောင်း ဒေါက်တာဖရိုင်းက ပြောကြားသည်။

ရေဘဝဲ၏အဆိပ်ရည်တွင် ထူးခြားသော အော်ဂင်းနစ်မော်လီကျူးများ ပါဝင်နေသည်ကို မိမိတို့လေ့လာတွေ့ရှိရကြောင်း၊ ယင်းအဆိပ်ရည်ကို အသုံးပြု၍ ဆေးဝါးသစ်များဖော်ထုတ်နိုင်ရန် မိမိတို့ ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရေဘဝဲများအားလုံးတွင် အဆိပ်ရည် ထုတ်လုပ်ပေးနိုင်သော ဂလင်းပါရှိသည်ဟု ဒေါက်တာဖရိုင်း ဦးဆောင်သော သိပ္ပံပညာရှင်များအဖွဲ့က လွန်ခဲ့သည့်နှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အဆိပ်ရည်ဖွဲ့စည်းပုံကို ဆက်လက်၍ သုတေသနပြုလုပ်လျက်ရှိသည်။

အင်တာနက်။

အလုံ ဓာတ်အားပေးစက်ရုံနှင့် လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော်တာဝါတိုင် (RCS-2) River Crossing Suspension No.2 သို့ ရောက်ရှိပြီး Bored Pile တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် Bored Pipe သံခြင်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် 230/66/11 KV (200 MVA) အလုံဓာတ်အားခွဲရုံ Control Building နှင့် Switch Yard တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ်၌ လူကုန်ကူးသူသုံးဦးအား ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

မိတ္ထီလာမြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအထူးအဖွဲ့သည် မိတ္ထီလာ-မန္တလေး ခရီးသည်တင် မှန်လုံယာဉ်တစ်စီးအား ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မိတ္ထီလာမြို့အထွက် သပြေဂိတ်၌ ရှာဖွေစစ်ဆေးရာ ဇေယျာလင်း၊ မအိအိခိုင်နှင့် မလဲ့လဲ့ဝင်းတို့ သုံးဦးက အမျိုးသမီးငယ်တစ်ဦးအား တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန် ခေါ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားခံသုံးဦးအား မိတ္ထီလာ အမှတ်(၃) ရဲစခန်း၌ လူကုန်ကူးဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးသူများသည် အမျိုးမျိုးသော မက်လုံးများပေး၍ အမျိုးသမီးများ၊ ကလေးငယ်များ၊ လူငယ်၊ လူရွယ်များအား ဆွဲဆောင်စည်းရုံးလျက်ရှိရာ တာဝန်ရှိသူများက သတင်းများထုတ်ပြန်၍လည်းကောင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပ၍လည်းကောင်း လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများကလည်း ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက်တွင် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ရဲအုပ်အေးမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို လည်းကောင်း၊ ဒုတိယရဲအုပ်နိုင်မင်းက စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်(၁၇)ချက်၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

လက်ကမ်းစာစောင်ပေးအပ်

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် သုံးပန်လှကျေးရွာ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မြောင်းမြ၌ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ နှုန်းဖြင့် ကျေးလက်အိမ်ရာ ထူထောင်ရေးစီမံချက်အရ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီတွင် မြောင်းမြမြို့နယ် ရေတွင်းရေကန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်တို့က ဦးဆောင်၍ ကျွန်းပင်ငယ်များကို စိုက်ပျိုးပေးပြီး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာပြည်သူများက ကျွန်း ၂၁၀၀၊ ယူကလစ် ၆၂၀၀ တို့ကို မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်နှင့် မြို့နယ်သစ်တောဌာန ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်၍ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

(29-7)05(nal).pmd 1 7/29/2010, 12:28 AM

ဟသ်ာတ-ဇလွန် ရထားလမ်းသစ်ကြီး ပေါ်ထွန်းလာခဲ့သည့်အတွက် ပြုံးပျော်ရွှင်မြူးနေကြသည့် ရိုးသားကြိုးစား ဧရာဝတီသားများအား ရထားလမ်းဖွင့်ပွဲနေ့က ဤသို့ တွေ့ခဲ့ရသည်။

✻ ရွှေဖုံးမှ

စည်းလုံးညီညွတ်မှု

"ဒို့ ညက အောင်ပွဲခံလိုက်တာဟာ ဒို့မှာ လက်နက်ကောင်းတွေရှိလို့ မဟုတ်ဘူး။ တကယ်တော့ ဒို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုကြောင့်ဖြစ်တယ်" ကျေးရွာခေါင်းဆောင်တစ်ဦးက ညက တိုက်ခိုက်ခဲ့သည့် တိုက်ပွဲအခြေအနေကို ပြန်လည်သုံးသပ်ဆွေးနွေး၍ နေလေသည်။

လမ်းသမိုင်းရွာမှ အစပြု၍ ပြည်သူနှင့် တပ်မတော်တို့သည် ပြည်သူ့စစ် နည်းဗျူဟာဖြင့် သောင်းကျန်းသူများကို အောင်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆင့်ကဲဆင့်ကဲ ရယူနိုင်ခဲ့ကြပေသည်။ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆင်နွှဲခဲ့ကြသော ရှွေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေး အောင်ပွဲဒီလှိုင်းများကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် သောင်းကျန်းသူများ အမြစ်ပြတ်ခဲ့ရလေသည်။ သောင်းကျန်းသူတို့ ဖန်တီးခဲ့သော မုန်တိုင်းဒဏ်ကို ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစည်းညီညွတ်မှု အားမာန်ဖြင့် မုန်တိုင်းကိုမမှုအန်တုနိုင်ခဲ့ကြပေသည်။ ပြည်သူတို့ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရလေပြီ။

ပစ္စက္ခဧရာဝတီ

၂၀၁၀ ခုနှစ် ဇူလိုင် ၂၂ ရက် ဟသ်ာတဘူတာမှ ဇလွန်ဘူတာသို့ ထွက်ခွာလာသော အထူးရထားကြီးသည် ဟသ်ာတ-ဇလွန်ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒေသခံပြည်သူများကို တင်ဆောင်၍ တငြိမ့်ငြိမ့်ခုတ်မောင်းနေသည်။ အထူးရထားကြီးဖြတ်သန်းခုတ်မောင်းရာလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများသည် အိုးစည်ဗုံမောင်းများ၊ ကရင်ဒုံးယိမ်းအကတို့ဖြင့် လှိုက်လှဲစွာ တပျော်တပါး ကြိုဆိုနှုတ်ဆက်နေကြ၏။ ကောက်စိုက်လုံမပျိုတို့ကလည်း လုပ်ငန်းခွင်မှ လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြ၏။ အချို့ကား ကခုန်၍ပင် အပျော်လွန်ကဲကြ၏။

အိပ်မက်ပင်မမက်ခဲ့

ဟသ်ာတမြို့မှ မြို့မိမြို့ဖ ဦးသန်းထွန်းက "ကျွန်တော်တို့ ဟသ်ာတမြို့နယ်က ဒူးယားကျေးရွာ၊ သဲဖြူကျေးရွာနဲ့ ဇလွန်မြို့နယ်၊ ခနုဖြူမြို့နယ်၊ ညောင်တုန်းမြို့နယ်တွေက ပြည်သူတွေအတွက် မီးရထားလမ်းဆိုတာ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ တစ်ချိန်ကဆိုရင် ပုသိမ်ကနေ ရန်ကုန်ကို ရထားနဲ့ ခရီးသွားလိုရင် ပုသိမ်ကနေ ဟသ်ာတကို ရထားစီးရပါတယ်။ ဟသ်ာတမြို့ကနေ ဧရာဝတီမြစ်ကို ကူးတို့သင်္ဘောနဲ့ ဖြတ်ကျော်ပြီး ဟသ်ာတမြို့ တစ်ဖက်ကမ်း သာရဝေါဆိပ်ကမ်း မီးရထားဘူတာကနေ သာရဝေါ၊ လက်ပံတန်း၊ သာယာဝတီ၊ သုံးဆယ်၊ တိုက်ကြီး၊ မှော်ဘီမြို့တွေကို ဖြတ်ပြီး တစ်နေကုန်တစ်နေခန်း တမေ့တမြော စီးကြရပါတယ်။

"ဒီကနေ့ ဖွင့်လှစ်လိုက်တဲ့ ဟသ်ာတ-ဇလွန်လမ်းပိုင်းကတစ်ဆင့် ဖောက်လုပ်ဆဲ ဟသ်ာတ-ခနုဖြူ-စက္ကော့(ညောင်တုန်း) ရထားလမ်း ၄၈ မိုင်ကနေ ဒေသထွက်ကုန် ဆန်စပါး၊ ပဲမျိုးစုံ၊ ဂုန်လျှော်၊ ငှက်ပျောနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေပါ ရန်ကုန်ကို မီးရထားနဲ့ တင်ပို့နိုင်မှာဖြစ်ပါတယ်"ဟု ဝမ်းမြောက်ဝမ်းသာ ဆိုရှာသည်။

ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း

ဟသ်ာတ-ခနုဖြူ-စက္ကော့ (ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ဟသ်ာတ-ဇလွန် လမ်းပိုင်းဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများ အထူးဝမ်းမြောက်ပျော်ရွှင်ခဲ့ကြ၏။

ဟသ်ာတ-ခနုဖြူ-စက္ကော့ (ညောင်တုန်း) ရထားလမ်း ၄၈ မိုင်နှင့် ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၉ မိုင် အပါအဝင် စီမံကိန်းကြီးတစ်ခုလုံးပြီးစီးခဲ့ပါမှ ဒေသခံပြည်သူများ တိုင်းလုံးကျွတ်မျှ အုန်းအုန်းကျွက်ကျွက်ဖြင့် ပျော်ရွှင်ကြပါဦးမည်။

ရာဇူဒိုင်တံတားအမှတ်(၁)

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်။ ရာဇူဒိုင်မြစ်၏ ရေအလျဉ်သည် တသွင်သွင် စီးဆင်းနေသည်။ မော်လမြိုင်ကျွန်း

"ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့တဲ့အတွက် ဖောက်လုပ်ဆဲ ဟသ်ာတ-ခနုဖြူ-စက္ကော့(ညောင်တုန်း) ရထားလမ်းနှင့် ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းပိုင်းများက တစ်ဆင့် ဒေသထွက်ကုန်များကို ရန်ကုန်မြို့သို့ မီးရထားဖြင့် တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်"

ဦးသန်းထွန်း
(ဟသ်ာတမြို့)

မြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲအခမ်းအနားအပြီးတွင် တံတားပေါ်မှ ဖြတ်သန်းသွားလာကြသော ဒေသခံပြည်သူများ၏ မျက်နှာများကား ဝမ်းမြောက်ပီတိအပြည့်ဖြင့်။

ဝမ်းမြောက်ပျော်ရွှင်

မော်လမြိုင်ကျွန်းမြို့မှ မြို့မိမြို့ဖ ဦးအောင်ဇော်လှိုင်က "ယခင်က မော်လမြိုင်ကျွန်းမြို့ကနေ ရန်ကုန်မြို့ကို ရေယာဉ်နဲ့သွားရင် ၁၂ နာရီကြာ သွားခဲ့ရတယ်။ အခု ရာဇူဒိုင်တံတားအမှတ်(၁) ကို ဖွင့်လှစ်လိုက်တဲ့အတွက် ရန်ကုန်မြို့ကို သုံးနာရီအတွင်း သွားရောက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကြောင့် ကျွန်တော်တို့ မော်လမြိုင်ကျွန်းမြို့ဟာ ကုန်းလမ်းရဲ့ လမ်းဆုံမြို့တစ်မြို့အဖြစ် တိုးတက် ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်" ဟု ဝမ်းမြောက်ရွှင်လန်းစွာ ပြောကြားသည်။

မှန်ပေသည်။ ရာဇူဒိုင်တံတား အမှတ်(၂)နှင့် ယခုအမှတ်(၁)တို့ကို ဖွင့်လှစ်နိုင်ခဲ့၍ မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြားမဟုတ်တော့၊ ပတ်ဝန်းကျင်ဒေသများနှင့် ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ချေပြီ။

သဘာဝသယံဇာတပေါများ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြေဆီမြေနှစ် ကောင်းမွန်ပြီး သဘာဝသယံဇာတအားဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများသဖြင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါးနှင့် ဆားအပါအဝင် ရေထွက်ကုန်ပစ္စည်းများ အလျှံပယ် ထုတ်လုပ်ပေးနေသော ဒေသကြီးတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆန်အိုးကြီး၊ စပါးကျီကြီးအဖြစ် ခေတ်အဆက်ဆက် ပြည်တွင်းစားသုံးမှုအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ စားနပ်ရိက္ခာ ဖူလုံရေးကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် ဒေသကြီးလည်း ဖြစ်သည်။

သို့ဆိုစေကာမူ ဒေသခံပြည်သူတို့သည် အတိတ်ကာလက ငြိမ်းချမ်းမှုနှင့် ကင်းဝေးခဲ့၍ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ခဲ့ရ၊ လူမှုစီးပွားဘဝ နိမ့်ကျခဲ့ရ၏။

၁၉၉၈ ခုနှစ်နောက်ပိုင်းတွင်မူ တိုင်းရော၏ ခမ်းနားထည်ဝါသော နေ့ရက်များသည် စတင်လာခဲ့ပေသည်။ နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် သဘာဝပထဝီမြေအနေအထားအရ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့ရာ ယခုမူ ပေ ၁၈၀ အောက်တံတား ၃၁၂ စင်းနှင့် ပေ ၁၈၀ အထက် စီမံကိန်းဝင်တံတားကြီးအစင်း ၅၀ မြောက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ဧရာဝတီတိုင်းအတွင်းရှိ ပေ ၁၈၀ အထက် တံတားကြီးလေးစင်းကိုလည်း တည်ဆောက်လျက်ရှိသည်။

အလားတူ ပုသိမ်-မုံရွာလမ်းမကြီးနှင့် အတူ သဘာဝဘေးအန္တရာယ် ကျရောက်လာခဲ့လျှင် အရေးပေါ် သယ်ယူရွှေ့ပြောင်းကယ်တင်နိုင်ရေးအတွက်သာမက ဒေသထွက်ကုန်ပစ္စည်းများကို ကုန်းလမ်းခရီးဖြင့် အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်ပေးနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ဘက်စုံအသုံးပြုနိုင်သော မော်တော်ကားလမ်း ခုနစ်ခုနှင့် လမ်းဟောင်း သုံးခုတို့ကို အသစ်ဖောက်လုပ်ပြင်ဆင်ပေးခဲ့ရာ ယနေ့အချိန်တွင် မိုင်ပေါင်း ၄၂၀ ကျော်ရှိသည့် မြစ်ဝကျွန်းပေါ်လမ်းကွန်ရက်ကြီးတစ်ခုကိုလည်း လက်တွေ့အကောင်အထည် ဖော်နိုင်ခဲ့ပြီဖြစ်သည်။

မြစ်၊ ချောင်း၊ အင်း၊ အိုင်များအထူးပင်ပေါများလှသည့် ဧရာဝတီတိုင်းအတွင်း၌ ယခုကဲ့သို့ မော်တော်ကားလမ်းများ တိုးချဲ့ပေးရုံသာမက ယခင်ရှိပြီးသား ပုသိမ်-ကြံခင်း ရထားလမ်းကို ဆက်စပ်ပြီး ကြံခင်း-ပခုက္ကူရထားလမ်း၊ ပုသိမ်(ဘဲဂရက်)မှ အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းနှင့် ဟသ်ာတ-ခနုဖြူ-စက္ကော့(ညောင်တုန်း) ရထားလမ်းတို့ကို ဆက်စပ်ဖောက်လုပ်လျက်ရှိပြီး ဖောက်လုပ်ပြီး ရထားလမ်းများကိုလည်း အပိုင်းလိုက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဖွံ့ဖြိုးဆုံးတိုင်းဒေသကြီး

ကျန်ရှိသည့် ရထားလမ်းပိုင်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဖောက်လုပ်နေပြီ ဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့်ပါ ပြည်ထောင်စု၏ ဒေသအသီးသီးသို့ ကူးလူးဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေး အဖွံ့ဖြိုးဆုံး တိုင်းဒေသကြီးတစ်ခုအဖြစ် ဧကန်မုချ ရောက်ရှိလာတော့မည် ဖြစ်ပေသည်။

သားစဉ်မြေးဆက် ခံစား၊ စံစား

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်းအတွင်း လက်ရှိဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များသည် နောင်သားစဉ်မြေးဆက်အထိ ခံစား၊ စံစားနိုင်မည့် အနာဂတ် နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များပင် ဖြစ်ပေသည်။

ဧရာသက်သေ

ဤအခြေခံအဆောက်အအုံများကား လွယ်လွယ်ကူကူ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရခြင်းမဟုတ်။ နိုင်ငံတော်က ကိုယ့်ခွန်ကိုယ့်အားဖြင့် ငွေကြေး အကုန်အကျ မြောက်မြားစွာ၊ အရင်းအနှီး အတတ်ပညာပေါင်း မြောက်မြားစွာ စိုက်ထုတ်ပြီး ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပေသည်။ အပြောလွယ်သလောက် အလုပ်ခက်ပါ၏။ ရောမမြို့ကြီးကို အပြောနှင့် တစ်ရက်တည်း တည်ဆောက်နိုင်သော်လည်း လက်တွေ့

"မော်လမြိုင်ကျွန်းမြို့ဟာ အခုဆို လမ်းဆုံမြို့ဖြစ်လာပါပြီ။ ရာဇူဒိုင်တံတားအမှတ်(၁) ဖွင့်လှစ်လိုက်တဲ့အတွက် ရန်ကုန်မြို့ကို ၃ နာရီအတွင်း သွားရောက်နိုင်တော့မှာ ဖြစ်ပါတယ်"

ဦးအောင်ဇော်လှိုင်
(မော်လမြိုင်ကျွန်းမြို့)

အလုပ်များကိုမူ မိုင်ပေါင်း တစ်သိန်းကို ခြေတစ်လှမ်းတည်းဖြင့်သာ စတင်ခဲ့ရခြင်းဖြစ်၏။ ဤသည်ကို ဧရာဝတီ သိပါ၏။ ကမ္ဘာတည်သရွေ့ ဧရာဝတီက သက်သေတည်နေပါလိမ့်မည်ဟု ဆိုလိုက်ပါရစေ။ ။

မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇူဒိုင်တံတား အမှတ်(၁)ကြီးက ဧရာဝတီတိုင်းသားတို့အတွက် တန်ဖိုးမဖြတ်နိုင် .....

တနင်္သာရီတိုင်း၌ သား/ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ

ဝန်ကြီး ဦးမောင်မောင်သိမ်း တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဇူလိုင် ၂၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်သိမ်းသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ တနင်္သာရီတိုင်းငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည့် သား/ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး သား/ငါးကဏ္ဍ မွေးမြူထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပင်လယ်ပြင်၌ ဖမ်းဆီးထုတ်လုပ်မှုနှင့် သယံဇာတထိန်းသိမ်းမှုလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်သွားရေး၊ မွေးမြူရေးစခန်းများ၌ ဇီဝလုံခြုံမှု အမြဲသတိရှိဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မြိတ်မြို့ရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၌ သား၊ ငါးကဏ္ဍတိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဦးစီးဌာနမှူးများက အသားနှင့်ငါး ကဏ္ဍအလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု၊ တိုးချဲ့မွေးမြူသူများအား စည်းရုံးဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာသော ပုဂ္ဂလိက လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် မြိတ်တောင်ရပ်ရှိ ထူးထူးတိုးကုမ္ပဏီလီမိတက်၏ အဆင့်မြင့် ဥစားကြက် မွေးမြူရေးစခန်း ရှင်းလင်းခန်းမသို့ ရောက်ရှိပြီး တာဝန်ရှိသူများက အဆင့်မြင့် ဥစားကြက် ယူနစ်နှစ်ခုနှင့် ကြက်ငယ် ပြုစုရေးယူနစ်များ တည်ဆောက်နေမှု၊ ကြက်မွေးမြူရေး စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ ထုတ်လုပ်၍ လျှပ်စစ်မီး အလင်းရရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဥစားကြက်မွေးမြူရေးခြံများ၌ လေအေးပေးမှု၊ စွန့်ပစ်လေထုတ်စနစ်နှင့် ရေရရှိအောင် ဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်အညစ်အကြေးဖယ်ထုတ်ရန် ဆောင်ရွက်ထားမှု၊ ကြက်ငယ်ပြုစုရေး ခြံများဖွဲ့စည်း ဆောင်ရွက်ထားမှုနှင့် စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ရန် တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဝမ်းတွင်းမြို့တွင် ၆ ဒသမ ၂၁ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ကိုကိုးကျွန်းတွင် ၁ ဒသမ ၅၇ လက်မ၊ စစ်ကိုင်းမြို့တွင် ၁ ဒသမ ၄၅ လက်မ၊ လားရှိုးမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ဝ၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၉ ရက် ညနေအထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



(၂၅၈)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်းတစ်ထောင်(အထူးဆုကြီး)ကံထူးရှင်ကိုစန်းယုအောင်(ဓနုဖြူမြို့)က ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် မီးစက်နှင့် ရေစုပ်မော်တာ၊ ပန့်ဝယ်ယူနိုင်ရန် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လသာမြို့နယ်၌ အိမ်တိုင်ရာရောက်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

လသာမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လသာမြို့နယ် ကျန်းမာရေးဦစီးဌာန ဦးစီးမှူးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၁၆ ရက်က အမှတ် (၆) ရပ်ကွက်ရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် အာဟာရများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သား၊ သမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူ နှင့်အတူ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး (ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၇၂၁၉၄၊ ဦးသန့်ကြီး အတွင်းရေးမှူး ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့် တွဲဖက်အတွင်းရေးမှူး-၁ ဖုန်း-၅၄၁၆၃၈ နှင့် ဦးကျော်အေး တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၇၃၀၃၈၃၉၁ တို့သို့ ပေးပို့လှူဒါန်းနိုင် ကြောင်း သိရသည်။ (ဝ၄)

တန့်ယန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

တန့်ယန်း ဇူလိုင် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံအေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံအေးနှင့် ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ များ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို ရှင်းလင်းပို့ချကြသည်။

(မြို့နယ်ပြန်/ဆက်)

ရွှေကျွန်းမြေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဇူလိုင် ၂၈

မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု ကျွန်းဖိုပင်ကျေးရွာ ရွှေကျွန်းမြေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရွှေကျွန်းမြေ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရွှေသောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်ကို ဆွေးနွေးပြောကြားသည်။ ရွှေကျွန်းမြေစာကြည့်တိုက်အတွက် ငွေပဒေသာပင်၊ သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာတွင် ဦးစိုးနိုင်-ဒေါ်စန်းစန်းအေး မိသားစုက တစ်နှစ်စာ သတင်းစာစောင်ရေ ၃၆၅ စောင်၊ ဦးမြသွင်-ဒေါ်မိုးမိုး မိသားစုက ငွေကျပ် ၃၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးမျိုးမြင့်နိုင် မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးဇော်မျိုးဝင်းမိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးမောင်မြင့်မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးကိုထွေးမိသားစုက တစ်နှစ်စာ ဒို့ကျေးရွာစောင်ရေ ၂၄ စောင်၊ ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ/ရသစာ အုပ်မျိုးစုံ ၁၅၀၊ ဦးမျိုးသွင်မိသားစုက ဂျာနယ်မျိုးစုံ ၁၂၅စောင် အသီးသီး ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းစိုးက ရွှေကျွန်းမြေ စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကို ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးမောင်မောင်ထံ ပေးအပ်သည့် စာကြည့်တိုက် အဆောက်အအုံမှာ အုတ်နံကပ်၊ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၀ သိန်းအကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

(29-7)07.pmd 1 7/29/2010, 1:12 AM

မိမိတို့၏ အတွေ့အကြုံနှင့် ပညာရပ်များကို တိုင်းပြည်နှင့်လူမျိုး ရေရှည်အကျိုးဖြစ်ထွန်းအောင် အသုံးချ လူ့စွမ်းအား အရင်းအမြစ်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ စတုတ္ထအကြိမ် စိုက်ပျိုးရေးကဏ္ဍ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၇ရက် ညနေ ၅နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမဦကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေးကဏ္ဍ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် ပညာရှင်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာ မလုံလောက်မှုများ၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များကျရောက်ပြီး သီးနှံရိက္ခာထုတ်လုပ်မှုကို ထိခိုက်နေမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် ဂေဟစနစ်ပျက်ယွင်းမှုများကြောင့် ပိုးမွှားရောဂါနှင့် သီးနှံဖျက်သတ္တဝါများရန်မှာလည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်ပေါ်စေသည်ကို ပညာရှင်များ၊ သုတေသီများ သတိပြုမိကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင် ကျော်လွှားနိုင်မည့် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သုတေသနများ၊ ဒေသအလိုက် သင့်လျော်မည့် သီးနှံပုံစံ သုတေသနများ၊ မျိုးပိုင်းဆိုင်ရာ သုတေသနများ၊ မြေဆီလွှာ ထိန်းသိမ်းပြုပြင်ရေးနှင့် သီးနှံသွင်းအားစုများအား အကျိုးရှိစွာ အသုံးချရေးနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သုတေသနများကို စနစ်တကျ စီမံချက်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပညာရှင်များနှင့် သုတေသီများအား တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် မျိုးဗီဇသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အဆိုပါ သယံဇာတများကို ပြုန်းတီးမှုမရှိစေဘဲ စနစ်တကျ စီမံထိန်းသိမ်းပြီး ရေရှည် အသုံးပြုသွားနိုင်ရန်မှာ အလွန်အရေးကြီးလှကြောင်း၊ စိုက်ပျိုးထွက်ရှိလာသည့် ထုတ်ကုန်များကို ရိတ်သိမ်းသည်မှ သိုလှောင်ရောင်းချသည်အထိ လုပ်ငန်းအဆင့်ဆင့်တွင် အလေအလွင့် လျော့နည်းအောင် အထူးအလေးထား သုတေသနပြုပြီး ပညာပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အကျိုးပြု သုတေသနလုပ်ငန်းများသည် အလွန်အရေးပါသည့်အတွက် တွေ့ရှိသည့် သုတေသနရလဒ်များအား တောင်သူလယ်သမားများထံသို့ အရောက်ပို့ပြီး လက်တွေ့အသုံးပြုနိုင်ရန် အလွန်အရေးကြီးကြောင်း။

မိမိတို့၏ အတွေ့အကြုံနှင့် ပညာရပ်များကို တိုင်းပြည်နှင့် လူမျိုးအတွက် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းအောင် အသုံးချ ဆောင်ရွက်ကြိုးပမ်းကြရန်၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရန်နှင့် သုတေသနဖော်ထုတ်တွေ့ရှိချက်များကို တောင်သူလယ်သမားများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာပေးမှုလုပ်ငန်းများကိုလည်း လုပ်ငန်းဌာနအသီးသီးသာမက လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ရာသီဥတုပြောင်းလဲမှုနှင့်အညီ သင့်တော်ကိုက်ညီသော သီးနှံမျိုးများ မျိုးသစ်ပြောင်းလဲ ထုတ်လုပ်မျိုးပွားရေး တိုးတက်သော သုတေသနတွေ့ရှိချက်များကို တောင်သူလယ်သမားများထံ အလျင်အမြန် ပေးပို့ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စာတမ်းဖတ်ပွဲကျင်းပသည့် ခန်းမဆောင်ရှေ့၌ ခင်းကျင်းပြသထားသည့် ပိုစတာများကို ကြည့်ရှုအားပေးရာ စာတမ်းရှင်များက ရှင်းလင်းပြောကြားကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ရက်များတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ နေ့စဉ် နံနက်၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး စပါး၊ နေကြာ၊ ကြံ၊ ဂုန်လျှော်၊ ပဲပုပ်၊ သရက်နှင့် သီးနှံဆိုင်ရာ စာတမ်းများကို စိုက်ပျိုးရေးသုတေသနမှရှစ်စောင်၊စိုက်ပျိုးရေးတက္ကသိုလ်မှ သုံးစောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သုံးစောင်၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှတစ်စောင် စုစုပေါင်း စာတမ်း ၁၅စောင်ကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ စတုတ္ထအကြိမ် စိုက်ပျိုးရေးကဏ္ဍ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း အသက်မွေးမှုပညာသင်တန်း (စက်ပြင်/အလုပ်ရုံ) သင်တန်း အမှတ်စဉ်(၁၂) စက်ပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသက်မွေးမှုသင်တန်းကျောင်း(စက်ပြင်/အလုပ်ရုံ)သင်တန်း စက်ပြင်သင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ဇူလိုင် ၂၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း ဒက္ခိဏဆောင်၌ ကျင်းပသည့် အသက်မွေးမှုပညာသင်တန်း (စက်ပြင်/ အလုပ်ရုံ)သင်တန်း အမှတ်စဉ် (၁၂)စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး လက်တွေ့သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထောက်ပံ့ပေးသွားမည်

၎င်းသင်တန်းကျောင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ၂၀၀၇ခုနှစ် မတ် ၂၀ရက်တွင် အာရှ-ဂျပန် ပေါင်းကူးအဖွဲ့(Bridge Asia Japan)မှတစ်ဆင့် သင်တန်းကျောင်းကို လွှဲပြောင်းလက်ခံ၍ စက်မှုလက်မှု အသက်မွေးပညာလုပ်ငန်းများ ပြန့်ပွားရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သင်တန်းအမှတ်စဉ်(၁)မှ အမှတ်စဉ်(၈)အထိ သင်တန်းသား ၁၁၀နှင့် နည်းပြမွမ်းမံသင်တန်း သုံးကြိမ်တွင် သင်တန်းသား ၂၃ဦး စုစုပေါင်း ၁၃၃ ဦး ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၉ခုနှစ် မတ် ၁၃ရက်တွင် စစ်တွေမြို့မှ ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းသို့ ပြောင်းရွှေ့ပြီး သင်တန်းများ ဆက်လက် ပို့ချပေးလျက်ရှိရာ အမှတ်စဉ်(၁၁)အထိ နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ် ၆၂၆ဦးကို စက်ပြင်ပညာရပ်များနှင့် လျှပ်စစ်နှင့် ဂဟေဆက်သင်တန်းများ သင်ကြားပေးနိုင်ကြောင်း သိရသည်။

ယခုသင်တန်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ္ဍာလီမိတက်တို့မှ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်း ပြီးဆုံးအောင် သင်ယူနိုင်ခြင်းမရှိသော ဝန်ထမ်းမိသားစုဝင် ၂၅ဦးနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လူငယ် ၁၈ဦး၊ စုစုပေါင်း ၄၃ ဦးအား သင်တန်းကာလ ရက်သတ္တ ၂၄ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလ အတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို ဝန်ကြီးဌာနက ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေငုဝါလမ်း ရွှေစံပယ်ရိပ်မွန်နေ ဦးသန်းရွှေ-ဒေါ်တင်တင်အုန်း မိသားစုက ဒေါ်တင်တင်အုန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်း၊ ဆေးပဒေသာပင်နှင့် သောက်သုံးရေလှောင်ကန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကျောက်ကျိုးဒေသ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ် ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၈

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကျားချောင်းကျေးရွာနေ မောင်အောင်ခိုင်သည် အဖော်တစ်ဦးနှင့်အတူ ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ကျောက်ကျိုးဒေသသို့ ရွှေကျင်ရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ မောင်အောင်ခိုင်အား ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အမာမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲပျက်စီးမှုနှင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ဧရာဝတီတိုင်း အမာမြို့နယ်၌ ဇူလိုင် ၂၅ရက်တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲပျက်စီးမှုနှင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ လူတစ်ဦးသေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်း အမာမြို့နယ် ဒေါ်ငြိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာ၌ ဇူလိုင် ၂၅ရက် မွန်းလွဲ၂နာရီ ၄၅မိနစ်ခန့်မှ ၂နာရီ ၅၅မိနစ်ခန့်အထိ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ရပ်ကွက် (၁/၂/၃/၅/၆)တို့မှ လူနေအိမ်အချို့ ပြိုလဲပျက်စီးပြီး လူနေအိမ်အချို့ အမိုးလန်ပျက်စီးကာ အမျိုးသမီးတစ်ဦး သေဆုံး၍ အမျိုးသား၊ အမျိုးသမီးခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း၊ တာဝန်ရှိသူများက လေဘေးသင့်ဒုက္ခသည်များအား ခါးပြတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ရွှေထီးရွာဘုန်းကြီးကျောင်းတို့၌ ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၍

(29-7)10.pmd 1 7/29/2010, 1:12 AM

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီက သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်ကွင်း အုပ်စု(က)

အမှတ်(၁) စက်မှုဝန်ကြီးဌာန -ငါးဂိုး
(နိုင်နိုင်ထွန်း-နှစ်ဂိုး၊ ဇေယျာဖြိုး၊ ချမ်းသာ၊ နိုင်ထွန်းဝင်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး -တစ်ဂိုး
(ရန်ပိုင်)
(ဒိုင်လူကြီး) ဦးသီဟကျော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(က)

သမဝါယမဝန်ကြီးဌာန -သုံးဂိုး
(ဟန်ထွန်း၊ အာကာမင်း၊ ဇော်ဝင်းခိုင်)
အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာန -ဂိုးမရှိ
(ဒိုင်လူကြီး)ဦးသိန်းစော(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ခ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန -နှစ်ဂိုး
(ဝင်းထွဋ်ဦး၊ ဇော်မြင့်သူ)
ပို့ဆောင်ရေးဝန်ကြီးဌာန -တစ်ဂိုး
(ကျော်စွာထွန်း)
(ဒိုင်လူကြီး) ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၂၉ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံး၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ နယ်စပ်/စည်ပင်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ စီးပွား/ကူးသန်းဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

၂၀၁၀ ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ်က ချန်ပီယံ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးထံ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပထမနေ့တွင် သတ်မှတ်ထားသော အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများကို စတင်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အမျိုးသား၁၆သင်း၊ အမျိုးသမီး ၁၁ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦး ၂၀၁၀ ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(တင်းနစ်အဖွဲ့ချုပ်)

နေပြည်တော်ပျဉ်းမနားအသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၈

တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁ ရက်တွင် ကျင်းပမည့် နေပြည်တော်ပျဉ်းမနားအသင်း(ရန်ကုန်)၏ စုပေါင်းအလှူပွဲနှင့်အတူ ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများအနက် ၂၀၁၀ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့ကြသူများ၏ စာရင်းကို အသင်းဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁ နှင့် အတွင်းရေးမှူး ဦးတင့်ဆန်း ဖုန်း-၀၉-၅၀၀၅၁၀၃ တို့သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၂၉-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်	၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၇း၀၅	တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ	၄း၃၀	အမှတ်တရတေးလက်ဆောင်
၇း၃၀	(၃၈)ဖြာမင်္ဂလာ	၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ပီတိအဟုန်) တေးပဒေသာ
၇း၃၅	နံနက်ခင်းတေးပဒေသာ	၅း၂၅	သတင်းစာဆောင်းပါး
၈း၀၀	စံတော်ချိန်+သတင်း	၅း၃၀	တေးပဒေသာ
၈း၁၀	နံနက်ခင်းတေးပဒေသာ	၆း၀၀	ညနေခင်းသတင်း
၈း၃၀	လောကနီတိအသိရှိစေဖို့ (လေးပါးလေးဖြာမှတ်စရာ)	၆း၁၀	ညနေခင်းတေးပဒေသာ
၈း၃၅	တေးပဒေသာ	၆း၂၅	ကျေးလက်ဇာတ်လမ်း (အားမလျှော့နဲ့ရောက်လုပြီ)
၁၀း၀၀	သောတရှင်လိုရာတေး	၆း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၁၀း၃၀	သတင်းစာအာဘော်	၇း၀၀	နိုင်ငံတကာသတင်း
၁၀း၃၅	တေးပဒေသာ	၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၁း၀၀	နေ့လယ်ခင်းသတင်း	၇း၃၀	သုတစုံကြွယ်သိစေဖွယ်- (ကျေးဇူးကြီးလှ ဆရာ၊ဆရာမ)
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ	၇း၄၀	ရေဒီယိုအတိုတ်တေးအရိပ်
၁၁း၂၅	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ကော်နီ)	၈း၀၀	ပြည်တွင်းသတင်း
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (စုစည်းဆိုလာပါဝါ (SP)ထုတ်ယူခြင်း)	၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ဒါရိုက်တာမောင်မျိုးမင်းနှင့် ဇနီးဒေါ်သန်းသန်းဌေး)
၁၁း၅၅	တေးသီချင်း	၈း၅၀	တေးသံစုံ(အေဝမ်းခင်မောင်အဖွဲ့) စီးပွားရေးဦးတည်ချက်
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ	၉း၀၀	ဆောင်းပါး (မတုန်လှုပ်ပါနဲ့)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ရိုးရာမပျက်တဲ့မိုးဇာပြော)	၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၂း၃၀	Music Talk တေးပဒေသာ	၁၀း၀၀	အစီအစဉ်ပြီး၏။
၁း၀၀	မွန်းလွဲပိုင်းသတင်း		
၁း၁၀	တေးပဒေသာ		
၁း၃၀	အစီအစဉ်ပြီး၏။		

မာရာဒိုနာအား အာဂျင်တီးနားနည်းပြရာထူးမှ ထုတ်ပယ်

ဗျူနိုအေးရိစ် ဇူလိုင် ၂၈

အာဂျင်တီးနားအသင်းနည်းပြ ဒီယေဂိုမာရာဒိုနာအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် (AFA) မှ အတည်ပြုပြောကြားလိုက်ကြောင်း သိရသည်။

AFA ဥက္ကဋ္ဌ ဂျူလီယိုဂရွန်ဒိုနာနှင့် မာရာဒိုနာတို့သည် မာရာဒိုနာ၏ ရှေ့ရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဂျူလီယိုဂရွန်ဒိုနာက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ အာဂျင်တီးနားအသင်းနည်းပြတာဝန်ကို ထမ်းဆောင်ရန် မာရာဒိုနာကို တိုက်တွန်းခဲ့သော်လည်း မာရာဒိုနာက ၎င်း၏လက်အောက်မှ နည်းပြအဖွဲ့ဝင်များအပြင် ဝန်ထမ်းအားလုံးကို ဆက်လက် တည်ရှိနေစေရေး တောင်းဆိုခဲ့ကြောင်း သိရသည်။

မာရာဒိုနာသည် အာဂျင်တီးနားနည်းပြတာဝန်ကို ၂၀ လကြာ ထမ်းဆောင်ခဲ့ပြီး အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း စက်တင်ဘာ ၇ရက်နေ့တွင် ကမ္ဘာ့ဖလား ပူပူနွေးနွေး ချန်ပီယံ စပိန်အသင်းနှင့် ခြေစမ်းပွဲအမီ နည်းပြသစ်ကို ထပ်မံခန့်အပ်သွားမည်ဟု ပြောကြားခဲ့သည်။

အင်တာနက်။

အာဂျင်တီးနား အသင်း၏ နည်းပြရာထူးမှ ထုတ်ပယ် ခြင်းခံခဲ့ရသည့် မာရာဒိုနာ။
(ဓာတ်ပုံ-အင်တာနက်)

မာကိုအလွန်ဆိုအား ဘော်လ်တန်ခေါ်ယူ

လန်ဒန် ဇူလိုင် ၂၈

အင်္ဂလန်ပရီမီယာလိဂ်အသင်း တစ်သင်းဖြစ်သည့် ဘော်လ်တန်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ လူငယ်ခံစစ်မှူး မာကိုအလွန်ဆိုအား ခေါ်ယူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မာကိုအလွန်ဆိုမှာ အသက် (၁၉) နှစ်သာရှိသေးသည့် ဘယ်နောက်ခံကစားသမားတစ်ဦးဖြစ်သည်။ ဘော်လ်တန်အသင်းသည် မာကိုအလွန်ဆိုနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သော်လည်း ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြခြင်းမပြုခဲ့ပေ။ ဘော်လ်တန်ရောက် မာကိုအလွန်ဆိုက "ကမ္ဘာ့အကောင်းဆုံးအသင်း တစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်ကို စွန့်ခွာနိုင်ဖို့ဆိုတာ အရမ်းကိုခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ရီးယဲလ်မက်ဒရစ်မှာ နေရာရဖို့ဆိုတာကလည်း ခက်ခဲမှန်းသိခဲ့ရပါတယ်။ ဘော်လ်တန်ကို ရောက်လာတာဟာ ကောင်းမွန်တဲ့ပြောင်းရွှေ့မှုလို့ ထင်ပါတယ်။ ပထမပွဲထွက် လူစာရင်းမှာ ပါဝင်ခွင့်ရဖို့ မျှော်လင့်ပေမယ့်ခုအချိန်မှာ ပြောလို့မရသေးပါဘူး။ ဘော်လ်တန်အသင်းရဲ့ ပထမပွဲထွက် လူစာရင်းမှာ ပါဝင်ခွင့်ရခဲ့မယ်ဆိုရင် ကျွန်တော့်အနေနဲ့ အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

လုခ်ယန်းကို လီဗာပူးအသင်း ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၂၈

လီဗာပူးအသင်းသည် ဗီလာအသင်းမှ အင်္ဂလန် ဘယ်နောက်ခံကစားသမား လုခ်ယန်းကို ပေါင် ၂ ဒသမ ၇၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဗီလာအသင်းသည် လုခ်ယန်းအား ပြီးခဲ့သည့် နှစ်နှစ်က မစ်ဒယ်လ်ဘရော့အသင်းမှ ပေါင်ငါးသန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အသက် (၃၁)နှစ်ရှိ လုခ်ယန်းမှာ ဗီလာနည်းပြ မာတင်အိုနေးလ်၏ ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အသင်းမှရောင်းထုတ်မည့် ကစားသမားအချို့ထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံတကာ အားကစားသတင်းများ

ဝင်းတင်(ကြေးမုံ)

လီဗာပူးသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည့် ဗီလာမှ လုခ်ယန်း။ *(ဓာတ်ပုံ-အင်တာနက်)*

မိုင်းယောင်းမြို့နှင့်ဆဒုံးမြို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားပျက်စီးမှုနှင့် လမ်းပိတ်ဆို့မှုဖြစ်ပွား၊ တာဝန်ရှိသူများက လမ်းနှင့်တံတားပြန်လည်ကောင်းမွန်ရေး တည်ဆောက်ပြုပြင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ ဇူလိုင် ၂၁ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မုန်းလိုက်နံပုန်းချောင်းရှိ ပေ ၉၀ ခန့်ရှည်သော ဘေလီတံတား၏ ကြမ်းခင်းအထိ ရေမြင့်တက်ခဲ့ပြီး ရေတိုက်စားခဲ့ရာ မိုင်းယောင်းမြို့ ကျောက်စီကမ်းကပ်ခုံ တစ်ဖက်လုံး ပြုတ်ကျသွားခဲ့သဖြင့် ၃၀ဒီဂရီခန့် သံပေါင်တိမ်းစောင်းကျသွားခဲ့ကြောင်းနှင့် ယင်းတံတားပျက်စီးမှုကို ဒေသဆိုင်ရာအာဏာပိုင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက တံတားအမြန်ပြန်လည်ကောင်းမွန်ရေး ဝိုင်းဝန်းပြုပြင်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အလားတူ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့၌လည်း ဇူလိုင် ၂၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီးသွား ကားလမ်း မိုင်တိုင်အမှတ် (၃၆)နှင့် (၃၇)အကြား လမ်းဘေးဝဲ၊ ယာရှိ တောင်ကမ်းပါးယံ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်းနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လမ်းပိတ်ဆို့မှုအား တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

(29-7)11.pmd 1 7/29/2010, 1:12 AM

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်တာနက် ဗီဇသိပ္ပံသတင်း

ရေဘဝဲ၏အဆိပ်ရည်ဖြင့် ဆေးဝါးသစ်များ ဖော်ထုတ်မည်

မဲလ်ဘုန်း ဇူလိုင် ၂၈

ကမ္ဘာ့အန္တာတိကဒေသ၌ ကျက်စားသော ရေဘဝဲများမှ အဆိပ်ရည်ကို နိုင်ငံတကာသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ထုတ်ယူခဲ့ကြကြောင်း၊ သိပ္ပံပညာရှင်များ၏ ရည်မှန်းချက်မှာ ရေဘဝဲကောင်များ၏ အဆိပ်ရည်ကို အသုံးပြုကာ ဆေးဝါးသစ်များ တီထွင်ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း သုတေသီတစ်ဦးက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

ဘာသာပြန် - စံစံ

ဩစတြေးလျနိုင်ငံရှိ မဲလ်ဘုန်းတက္ကသိုလ်၊ နော်ဝေနိုင်ငံမှ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ ဂျာမနီနိုင်ငံမှ ဟမ်းဘတ်တက္ကသိုလ်တို့၏ ပူးတွဲလေ့လာရေး အစီအစဉ်အရ တောင်ဝင်ရိုးစွန်းရှိ ရေဘဝဲများကို သုတေသနပြုလုပ်ခဲ့သည်။

အန္တာတိကဒေသ၌ ကျက်စားသော ရေဘဝဲများ၏ အဆိပ်ရည်တွင် မည်သည့်ဓာတ်ပစ္စည်းများ ပါဝင်နေသည်ကို သိရှိရန် သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် သိပ္ပံနည်းကျ လေ့လာခဲ့ကြကြောင်း သုတေသန အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဘရိုင်ယန် ဖရိုင်းက ပြောကြားသည်

သိပ္ပံပညာရှင်များသည် ရေဘဝဲမျိုးစိတ်သစ် လေးမျိုးကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

တောင်ဝင်ရိုး စွန်း ရှိ ရေဘဝဲ များကို နိုင်ငံတကာ သိပ္ပံပညာ ရှင်များ လေ့လာလျက် ရှိသည်။
(ဓာတ်ပုံ - အင်တာနက်)

တိုင်းပြည်ကရရှိနေတဲ့ လက်ရှိ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့မှ နောက်ပြန်လန်မကျဘဲ ငြိမ်းချမ်းစွာ ဒီမိုကရေစီဖြစ်ပေါ်လာရေးမှာ ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်ရေးဟာ အဓိကဖြစ်တဲ့အတွက် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံးက မပျက်မကွက် မဲပေးကြရေးဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးလိုလားတဲ့ ပြည်သူတိုင်းရဲ့ တာဝန်သာဖြစ်။

ဆောင်းပါးရှင် ကျော်မြင့်နိုင်၏ ၂၀၁၀ ရွေးကောက်ပွဲရဲ့ သရုပ်မှန်နဲ့ ပြည်သူ့တာဝန်
စာမျက်နှာ - ၈၊ ၉

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈ - ၇ - ၂၀၁၀)

ဝမ်းတွင်း	၆ ဒသမ ၂၁ လက်မ
ဘားအံ	၃ ဒသမ ၂၃ လက်မ
ကော့သောင်း	၃ ဒသမ ၁၉ လက်မ
မချမ်းဘော	၁ ဒသမ ၈၉ လက်မ
ကိုကိုးကျွန်း	၁ ဒသမ ၅၇ လက်မ
စစ်ကိုင်း	၁ ဒသမ ၄၅ လက်မ
လားရှိုး	၁ ဒသမ ၃၄ လက်မ
သံတွဲ	၁ ဒသမ ၁၄ လက်မ
မန္တလေး	၁ ဒသမ ၀၆ လက်မ

အတည်ပြုချိန် - ၁၂း၁၅